ebook is created by **www.ShanYoma.Org**

ရှမ်းရိုးရာစကားပုံများ

စိန်ထွန်း(ပခုက္ကူ)

ရှင်းတူရပ်းလိက်းသခင်လွှံတီး
Shanyoma
E-library

ရှမ်းပြည်နယ်သည် စိန်ပန်း၊ ချယ်ရီပန်း၊ ရေတံခွန်စိမ့်စမ်းများနှင့်ထင်းရှူးတန်းများ ရှိသောကြောင့် စိတ်ဝင်စားဖွယ် ကောင်းသကဲ့သို့ ရှမ်းပြည်နယ်သည် ရှမ်းရိုးရာစကားပုံများ အမြောက်အမြား ရှိသောကြောင့်လည်း စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

အထူးသဖြင့် ရှမ်းရိုးရာစကားပုံများကို အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အတူ လေ့လာရသည်မှာ ပိုမိုရှိ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ရှမ်းပြည်နယ် တခွင်တပြင်၌ မနုဿဗေဒဆိုင်ရာ ကွင်းဆင်းသုတေသနလုပ်ငန်းများ ပြုလုပ်ခဲ့ရာတွင် ရှမ်းရိုးရာစကားပုံများကို အတော်အတန် စုံလင်အောင် လေ့လာမိခဲ့ပေသည်။ ယင်းစကားပုံများသည် သူ့နေရာနှင့်သူ၊ သူ့ကဏ္ဍ သူ့အပိုင်းနှင့်သူ အသုံးဝင်၍ အဘိုးအနှဋ္ဌထိုက်ကြောင်း တွေ့ရှိရ၏။

စုဆောင်းလေ့လာခဲ့ရသမျှသော ရှမ်းရိုးရာစကားပုံများအနက်မှ သင့်လျော်သည်ကို ရွေး၍ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အတူ ဖော်ထုတ်တင်ပြလိုက်ရပေသည်။

ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသားများသည် တောင်ကြီး၊ ပင်းတယ၊ ပွေးလှ၊ လွယ်လင်၊ ပင်လုံနှင့် နမ့်စန်စသော မြို့ကြီးပြကြီးများ၌ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသကဲ့သို့ ယင်းမြို့ကြီးပြကြီးများအနီးရှိ ကျေးလက်တောရွာများ၌လည်း ရှမ်းအမျိုးသားများသည် ရွှင်ရွှင်လန်းလန်း နေထိုင်လျက်ရှိ၏။

ရှမ်းတိုင်းရင်းသားများသည် တဦးချင်း လိမ္မာရေးခြားရှိစေရန်အတွက်လည်း အထူးဂရုမမူပြုကြပေသည်။ ထို့ကြောင့်လည်း လူတိုင်းလူတိုင်း လိမ္မာရေးခြား ရှိကြစေရန် ရှမ်းတိုင်းရင်းသားများသည် "လိမ္မာချင်လျှင် စျေးဝယ်ပါ"ဟူ၍လည်းကောင်း၊ "စိတ်ကြမ်းလိုလျှင် အရက်သောက်ပါ"ဟူ၍လည်းကောင်း၊ "ခွေးဖြစ်လိုလျှင် တွေ့မရှောင် ကျင်ကြီးစွန့်ပါ"ဟူ၍လည်းကောင်း စကားပုံများဖြင့် အစဉ်အလာအရ ဆုံးမကြခြင်းဖြစ်၏။

အမှန်စင်စစ် စျေးဝယ်တတ်လျှင် လိမ္မာရေးခြား ရှိနိုင်သည်။ စျေးဝယ်တတ်လျှင် စျေးရောင်းသူနှင့်အဆင်ပြေအောင် ဖော်ဖော်ရွှေရွှေ ရွှင်ရွှင်ပျပျ ပြောဆိုတတ်လျှင် စျေးသက်သာရာရ၍ စကားပရိယာယ်ကြွယ်နိုင်သည်။ လူမှုဆက်ဆံရေး တိုးတက်နိုင်သည်။ လူ့အကြောင်း သူ့အကြောင်းကို စျေးဝယ်ခြင်းဖြင့် ကောင်းကောင်းကြီး သိနိုင်သည်။ ထို့ကြောင့် "လိမ္မာချင်လျှင် စျေးဝယ်ပါ"ဟု ရှမ်းတိုင်းရင်းသားတို့သည် မျိုးရိုးစဉ်လာအရ ဆိုဆုံးမခဲ့ခြင်း ဖြစ်ပေသည်။

အရက်သေစာ သောက်စားပါက လူတို့သည် စိတ်ကြမ်းလာ၍ နှုတ်ကြမ်း လျှာကြမ်း ဖြစ်တတ်သည်။ စည်းကမ်းမရှိ ဖြစ်တတ်သည်။ မလုပ်ထိုက် မလုပ်သင့်သည်ကို ကျူးကျူးလွန်လွန် ပြုလုပ်လာတတ်သည်။ ဤသို့ မဖြစ်စေဘဲ အသိအလိမ္မာ တိုးတက်လာစေရန် "စိတ်ကြမ်းလိုလျှင် အရက်သောက်ပါ"ဟူသောစကားပုံ ထားရှိပြီး ရှမ်းတိုင်းရင်းသားတို့သည် နောင်လာနောက်သားများကို ဆိုဆုံးမခဲ့ခြင်း ဖြစ်လေသည်။

လူ့ရှေ့မရှောင် သူ့ရှေ့မရှောင် ပေါက်လွတ်ပဲစားပြောဆိုလျှင်၊ ရိုင်းရိုင်းပျပျဆက်ဆံလျှင်၊ မဖွယ်မရာ အဆီအငေါ်မတည့် ဝတ်စားဆင်ယင်လျှင် စာရိတ္တအားဖြင့် နိမ့်ကျရာ ရောက်လေသည်။ ဤသို့ မဖြစ်စေဘဲ လိမ္မာရေးခြားရှိစေရန် ရှမ်းတိုင်းရင်းသားများသည် "ခွေးဖြစ်ချင်လျှင် တွေ့မရှောင် ကျင်ကြီးစွန့်ပါ"ဟူသော စကားပုံဖြင့် ထိထိမိမိ ဆိုဆုံးမထားခြင်းဖြစ်သည်။ အသိအလိမ္မာတိုးစေရန် "ခွေးဖြစ်ချင်လျှင် တွေ့မရှောင် ကျင်ကြီးစွန့်ပါ "ဟူသောစကားပုံဖြင့် အသိအလိမ္မာ လမ်းဖွင့်ပေးထားခြင်း ဖြစ်ပေသည်။

ဖော်ပြပါ ထိရောက်လှသော စကားပုံများဖြင့် လူကြီးသူမများက ဆုံးမပဲ့ပြင်ပေးသောကြောင့် ရှမ်းတိုင်းရင်းသူတိုင်းရင်းသားများသည် လိမ္မာရေးခြား ရှိလှပေသည်။ လူမှုဆက်ဆံရေး၌လည်း ပျူပျူငှာငှာ ရှိလှပေသည်။ ချိုချိုသာသာ ရှိလှပေသည်။

စီးပွားဥစ္စာ ရှာဖွေရာ၌လည်း ထူးထူးကဲကဲ အောင်မြင်မှုရရှိစေရန် ရှမ်းတိုင်းရင်းသားများသည် စီးပွားရေးဆိုင်ရာ စကားပုံများကိုလည်း တွင်တွင်ကျယ်ကျယ်ပင် အသုံးပြုလျက်ရှိပေသည်။

"သည်းခံနိုင်လျှင် ရွှေခဲဖြစ်သည်။ သည်းမခံနိုင် သစ်တုံးဖြစ်သည်"ဟူသော စကားပုံ၊ "ချစ်ခင်ကြလျှင် အလကားပေးပါ၊ ရောင်းဝယ်ကြလျှင် သူတပါးလို လုပ်ပါ"ဟူသောစကားပုံနှင့် "နည်းနည်းစားလိုလျှင် များများခူး၊ များများ စားလိုလျှင် နည်းနည်းခူး"ဟူသောစကားပုံများမှာ စီးပွားရေးနှင့်ဆိုင်သော ရှမ်းရိုးရာစကားပုံများ ဖြစ်လေသည်။

သည်းခံပြီး ဆက်ဆံတတ်လျှင် အခက်အခဲများကို သည်းခံပြီး ရောင်းဝယ်ဖောက်ကားတတ်လျှင် အမြတ်အစွန်းရ၍ ရွှေတုံးရွှေခဲများ တိုးပွားနိုင်သည်။ သည်းခံ၍ မဆက်ဆံတတ်ပါက အခက်အခဲများကို သည်းခံ၍ မကျော်လွှားပါက စီးပွားရေးလောကဌ် အရှုံးရှိ၍ ရွှေတုံးအစား သစ်တုံးသာလျှင် အဖတ်တင်ကျန်ရစ်နိုင်ပေသည်။

ရှမ်းတိုင်းရင်းသားတို့သည် ဤသို့ မဖြစ်စေရန် "သည်းခံနိုင်လျှင် ရွှေခဲဖြစ်သည်။ သည်းမခံနိုင်လျှင် သစ်တုံးဖြစ်သည်"စကားပုံဖြင့် စီးပွားရေးဆိုင်ရာ အသိအမြင် ပေးထားခြင်း ဖြစ်သည်။

ဈေးရောင်းဈေးဝယ် ပြုလုပ်ရာဌ်လည်း ချစ်ခင်သူ၊ မိတ်ဆွေဖြစ်သူဟု ဈေးနှုန်းလျှော့မပေးရာပေ။ ဈေးနှုန်းလျှော့လျှင် ဈေးနှုန်းပျက်၍ ရောင်းရေးဝယ်တာဌ် အရှုံးထွက်တတ်သည်။ ထို့ကြောင့် ရောင်းရေးဝယ်တာများဌ် အမြတ်အစွန်းရစေရန် ချစ်ခင်သူမိတ်ဆွေဟု ဈေးနှုန်းလျှော့ပေါ့မပေးမိစေရန် ရောင်းဝယ်ရေးကိစ္စများဌ် ဈေးသည်စိတ်သာထားရှိစေရန် "ချစ်ခင်ကြလျှင် အလကားပေးပါ၊ ရောင်းဝယ်ကြလျှင် သူတပါးလိုလုပ်ပါ "ဟုရိုးရာစကားပုံအရ စီးပွားရေးအမြင်ဖြင့် ရှမ်းတိုင်းရင်းသားတို့အား ရှမ်းလူကြီးသူမတို့က ဆုံးမခဲ့ကြခြင်းဖြစ်၏။

ရောင်းဝယ်ဖောက်ကားမှုဌ်လည်း အမြတ်အစွန်းရလိုမှု တခုတည်းကိုသာ မရည်မှန်းရန်၊ အလိုကြီး၍ အရနည်းမှု မဖြစ်စေရန် "နည်းနည်းစားလိုလျှင် များများခူး၊ များများစားလိုလျှင် နည်းနည်းခူး"ဟူသော စကားပုံဖြင့် ရှမ်းတိုင်းရင်းသားတို့က စီးပွားရေးဆိုင်ရာသဘောဖြင့် နောင်လာနောက်သားတို့အား ဆုံးမထား၏။

သစ်ပင်တပင်မှ သစ်ရွက်များကို အများအပြားခူးပါက သစ်ပင်သေမည်ဖြစ်သကဲ့သို့ စီးပွားရှာရာဌ်လည်း အလိုလောဘကြီးလွန်း၍ အမြတ်အစွန်းချည်းကိုသာ များများရအောင် ကြိုးပမ်းအားထုတ်လျှင်စီးပွားရေးပျက်စီးတတ်ပေသည်။ သစ်ပင်တပင်မှ အရွက်များကို အနည်းငယ်စီခူးသွားပါက သစ်ပင်ငယ်သည် အသက်မသေဘဲ အရှည်အကြာအသုံးခံသကဲ့သို့ စီးပွားရေးဌ်လည်း အမြတ်အစွန်းချည်းသာ ရရန်မရှယ်ဘဲ အမြတ်အစွန်း အနည်းငယ်စီကိုသာ ရရှိအောင် ကြိုးပမ်းလျှင် အရှည်သဖြင့် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားခြင်းဖြစ်၏။

ရှမ်းတိုင်းရင်းသားတို့သည် အကြွားမဖက်ရန်၊ အကြွားဖက်ပါက ပျက်စီးတတ်ကြောင်းကို စကားပုံဖြင့်ပင် ဆုံးမထားပေသည်။ ယင်းစကားပုံမှာ "မပွဘူးသောသားရေ ပွလာပါက ကြေးအိုးဖင်ကွဲသည်"ဟူ၍ဖြစ်လေသည်။ ရေစိမ်ထားသော သားရေသည် မပွစဖူး ပွလာပါက မိမိကို ခံယူထားသော ကြေးအိုးကိုပင် ပျက်စီးစေတတ်သကဲ့သို့ လူ့လောကဌ်လည်း အကြွားဖက်လာလျှင် မိမိကိုယ်ကိုပင် ပျက်စီးစေတတ်သည်ဟုစကားပုံဖြင့် သတိပေးဆုံးမထားခြင်း ဖြစ်ပေသည်။

သားရေးသမီးရေးနှင့်အိမ်ထောင်ရေး အဆင်ပြေစေရန်အတွက်လည်း ရှမ်းတိုင်းရင်းသားတို့သည် လူမှုရေးဆိုင်ရာစကားပုံများကိုလည်း အစဉ်အလာအရ အသုံးပြုခဲ့ပေသည်။

ရှမ်းတိုင်းရင်းသားများ အသုံးပြုခဲ့သော လူမှုရေးဆိုင်ရာစကားပုံများမှာ "သမီးကိုချစ်လျှင် အစုံမပြနှင့်၊ မယားကို ချစ်လျှင် အကုန်မပြနှင့်"ဟူ၍ဖြစ်လေသည်။

သမီးအား ပစ္စည်းအစုံအလင်ပြခဲ့လျှင် သမီးဖြစ်သူသည် ပစ္စည်းဂုဏ်ရှိန်တက်၍ အများနှင့်ဆက်ဆံရာတွင် အဆင်မပြေ ဖြစ်တတ်သည်၊ ဖခင်ဖြစ်သူနှင့်လည်း ပစ္စည်းရေးရာနှင့်ပတ်သက်၍ စကားစမြည်ပြောရပြီး ဖခင်နှင့်သမီး ဆက်ဆံရေးမှာ အဆင်မပြေဖြစ်တတ်ပေသည်။ အလားတူစွာပင် မယားဖြစ်သူအား ပစ္စည်းအကုန်ပြခဲ့လျှင် သူ့ဘက်ကိုယ့်ဘက် သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး ပစ္စည်းထောက်ပံ့ပေးကမ်းရာတွင် အဝေမတည့်ဖြစ်ပြီး အချင်းများရတတ်ပေသည်။

ဤသို့မဖြစ်ရန် ဖခင်နှင့်သမီး၊ လင်နှင့်မယား လူမှုဆက်ဆံရေးအရ အဆင်ပြေရန် "သမီးချစ်လျှင် အစုံမပြနှင့်၊ မယားချစ်လျှင် အကုန်မပြနှင့်"ဟု ရှမ်းတိုင်းရင်းသားများသည် အမြော်အမြင်ကြီးစွာဖြင့် လူမှုရေးအရ စကားပုံများထားရှိ၍ အစဉ်အလာ ဆိုဆုံးမခဲ့ကြခြင်းဖြစ်၏။

ရှမ်းရိုးရာစကားပုံများသည် အသုံးဝင်အဓိပ္ပါယ်ရှိ၍ အဘိုးအနှဉ်းထိုက်တန်လှသည်။ ထို့ကြောင့်ပင် ယင်းစကားပုံမျိုးများ ပြည့်ပြည့်စုံစုံ ရှိစေရန် ကြိုးစားသင့်သည်ဟုဆိုချင်ပေသည်။

ရှမ်းရိုးရာစကားပုံများ အပြည့်အစုံရရှိလာပါကလည်း ယဉ်ကျေးမှုမနုဿဗေဒအမြင်နှင့်လူမှုရေးမနုဿဗေဒအမြင်များဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်ဟူ၍လည်း ဆိုချင်ပေသည်။

ရှမ်းရိုးရာစကားပုံများကို ပြည့်ပြည့်စုံစုံ စုဆောင်း၍ ခိုင်ခိုင်လုံလုံအဓိပ္ပါယ်ဖွင့်ဆိုပြီးပါကလည်း တိုင်းရင်းသားအချင်းချင်း တဦး၏ယဉ်ကျေးမှုကို တဦးက အပြန်အလှန်သိရှိနားလည်၍ လိုက်နာကျင့်သုံးကြစေရန် ရှမ်းရိုးရာစကားပုံများကို တိုင်းပြည်နှင့်အဝှန်း ဖြန့်ချိပေးသင့်သည်ဟူ၍လည်း စေတနာရှေ့ထား၍ အကြံပေးတိုက်တွန်းဆော်သြရပေသည်။

ShanYoma E-Library

စိန်ထွန်း(ပခုက္ကူ)

မှတ်ချက်။ ။၁၉၇၁-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၁၂၈)ထုတ် ငွေတာရီမဂ္ဂဇင်း စာမျက်နှာ(၂၇-၂၉)ထိ၌ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။